လင်္ကာဒီပ စာအုပ်တိုက်

ချစ်ဦးညို

# တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း
# နှင့်
# ယဉ်ကျေးမှုမျက်နှာစာ



# ချစ်ဦးညို၏ အမှာ စာ

၁၉၉၆ ခု၊ ဇန်ဝါရီလ ၁၆၊ အင်္ဂါနေ့ မွန်းတည့် မွန်းတိမ်းကာလတွင် ဤကမ္ဘာမြေပေါ်ရှိ အခြားသော နေရာဒေသများ ၌ မည်သူတွေ မည်သို့ လှုပ်ရှားကျင်လည်နေကြသည် ကို မသိနိုင်သော်လည်း ရန်ကုန်မြို့အရှေ့ ပိုင်းတစ်နေရာတွင် ကား လူတစ်စုသည် စိတ်လှုပ်ရှားမှုများ ဖြင့် ဗျာများ နေကြသည် ။

ဤအချိန်ဝယ် မြန်မာနိုင်ငံအတွင်း၌ လည်းကောင်း၊ ကမ္ဘာ့နိုင်ငံ အသီးသီး၌ လည်းကောင်း၊ ဆိုင်ရာ ဆိုင်ရာ ပုဂ္ဂိုလ်တို့ သည် ဆိုင်ရာ ဆိုင်ရာ ကိစ္စကြီးငယ် အသွယ်သွယ်တို့ ဖြင့် နပန်းလုံးနေကြပေမည်။ အချို့ နေရာများ တွင် နိုင်ငံခေါင်းဆောင်များက မိန့်ခွန်းပြောနေကြမည်။ အချို့နေရာများ တွင် စစ်ပွဲများ ဖြစ်နေကြမည်။ အချို့နေရာများ တွင် သိပ္ပံသုတေသနများ လုပ်နေကြမည်။ ရုံးတက်နေသူများ ၊ စာသင်နေသူများ ၊ ဝမ်းစာရှာနေသူများ ၊ ခရီးသွားနေသူများ ၊ အနားယူ နေသူများ ၊ ခိုးဝှက်တိုက်ခိုက်နေသူများ ၊ ချစ်စကားဆိုမြည်နေသူများ ၊ ဆဲဆို အော်ဟစ်နေသူများ ၊ ဟားတိုက်ပျော်ရွှင်နေသူများ ၊ ဆင်ခြင်တွေး ခေါ်နေသူများ ၊ တရားဓမ္မ၌ ရှုမှတ်နေသူများ ...။

ဤအချိန်ဝယ် ဤကမ္ဘာမြေ လောကအတွင်း မွေးဖွားဝင်ရောက်လာ သူများ ကွယ်လွန်ထွက်ခွာသူများ လည်း ရှိနေပေသည် ။

ဤအချိန်ဝယ် ရန်ကုန်မြို့ အရှေ့ပိုင်း တစ်နေရာရှိ ဝိုင်အမ်စီအေခန်းမရှိ လူတစ်စုကား စိုးရိမ်စိတ်များ ဖြင့် လှုပ်ရှားနေကြလေသည် ။ သူတို့သည် ကွယ်လွန်သွားသူတစ်ယောက်ကို အကြောင်းခံသော ထပ်မံရှင်သန်မှုတစ်ခုအတွက် စိတ်လှုပ်ရှားနေကြခြင်း ဖြစ်လေသည် ။

***

ဝိုင်အမ်စီအေ အပေါ်ထပ် ခန်းမ စင်မြင့်တွင် ဟောပြောဆွေးနွေးပွဲတစ်ခုအတွက် အခမ်းအနား ပြင်ဆင်ထားသည် ။ တက်ရောက်သည့် ပရိသတ်အတွက် ခေါက်ကုလားထိုင်များ အသင့်ချထားသည် ။

အချိန်က နေ့လယ် ဆယ့်နှစ်နာရီ ခွဲနေပြီ။

ကျင်းပရန် သတ်မှတ်ထားချိန်က မွန်းလွဲတစ်နာရီ။

ဤမျှ အချိန်နီးကပ် လာပြီ ဖြစ်သော်လည်း ပရိသတ်နေရာတွင် လူအယောက် လေးငါးဆယ်ခန့်သာ ပြောက်တိပြောက်ကျား နေရာယူတားသည် ။ ကျောင်းစိမ်းလုံချည်ဖြင့် ဆရာမ နှစ်ယောက် သုံးယောက်၊ ရှေ့ခုံတန်းတွင် လူကြီးအရွယ်အချို့၊ အလယ်တွင် အမျိုးသမီးတစ်စု၊ နောက်ခုံတန်းများ တွင် လူငယ်အချို့၊ ခုံလွတ်များက လွှမ်းမိုးကြီးစိုးထားသည် ။

ဟောပြော ဆွေးနွေးချိန်က တစ်ရက် ကြိုတင် (တစ်ကြိမ်တည်း)ကြေညာထားသည့် အတိုင်း နေ့လယ်တစ်နာရီ။ ယခု ဆယ့်နှစ်နာရီခွဲ စွန်းခဲ့ပြီ။ ခုံနှစ်ရာခန့် ခင်းထားသည့် နေရာတွင် ပရိသတ်မှာ လေး ငါးဆယ်ခန့်သာ။

ဆရာဖေမြင့်၊ ကိုမျိုးညွန့် (စာပေလောက)၊ ကဗျာဆရာ အောင်ဝေး၊

စာရေးဆရာ မောင်ခေတ်ထွန်းတို့ မျက်စိမျက်နှာ မကောင်းချင်ကြ။ ဖြိုးဖြိုး ဖြောက်ဖြောက် ရောက်လာသူ စာပေနယ်မှ မိတ်ဆွေများကို ရယ်မောနှုတ်ဆက် ကြိုဆိုနေကြသော်လည်း သူတို့ မျက်လုံးများမှ စိုးရိမ်သောကအရိပ်တွေကို မဖုံးမဖိနိုင်ကြပေ။

ဟောပြော ဆွေးနွေးပွဲအချိန်က နီးကပ် လာပြီ။

ပရိသတ်ကား တစ်ယောက်စ နှစ်ယောက်စ ဝင်လာသူများ နှင့် ပြောက်တိပြောက်ကျား၊ ကျိုးတိုးကျဲတဲမျှသာ။

***

ဟောပြော ဆွေးနွေးမည့် ကျွန်တော့်မှာ မကြာမီ မိမိဟောပြောရတော့မည့် အချက်အလက်များကို စိတ်ထဲတွင် အချောသတ်စီစဉ်နေသဖြင့် ထိုပရိသတ်ကျိုးကျဲသာ ရှိခြင်းကိစ္စကို ခေါင်းထဲ မထည့်အားပါ။ ထိုစဉ် တစ်ယောက်ယောက်၏ ပြောသံကို ကြားလိုက်ရပါသည် ။

'အောက်က လက်ဖက်ရည်ဆိုင်မှာ ထိုင်နေကြသူတွေလည်း ရှိပါတယ်။ နီးမှ ရောက်လာကြမယ်နဲ့ တူတယ်။ ဘာပဲဖြစ်ဖြစ် သတ်မှတ်ထားတဲ့ ၁ နာရီမှာ တော့ စကြမှ ဖြစ်မယ်။ ရှိသမျှ ပရိသတ်နဲ့ ပဲပေါ့'

ထိုစကားသည် ကျွန်တော့်ကို အားယုတ်သွားစေသည် အထိ အရှိန်မပြင်းသော်လည်း အားပျော့သွားစေသည် အထိတော့ အင်အားကြီးပါသည် ။

'ဆယ့်ငါးမိနစ်လောက် စောင့်ကြည့်ကြရင် ကောင်းမယ်'

'ခုံနှစ်ရာတော့ ပြည့်မယ် ထင်တာပဲ'

အားတင်း ဖြေသိမ့်စကားများကပင် ချည့်နဲ့ နေကြပေသည် ။

ထိုစဉ် ဆရာမြသန်းတင့်၊ ဆရာအံ့မောင်၊ ဆရာနေဝင်းမြင့်တို့ ဝင်လာပြီး နောက်ဘက်ကျကျ ခုံတန်းတွင် နေရာယူကြသည် ။ အတန်အသင့် ထက်မကသော အားတက်မှုများ ဖြင့် ဆရာတို့ ကို ကျွန်တော် သွားနှုတ်ဆက်သည် ။ မောင်သွေးသစ် ရောက်လာပြန်သည် ။ ဆရာမ ဒေါ်ခင်ဆွေဦးကိုတွေ့လိုက်ရသည် ။ နုပျိုကြော့ရှင်းသော ခေတ်၏ မိန်းမပျိုနှစ်ယောက် ဝင်လာသည် ။ သံဃာတော်နှစ်ပါးစ သုံးပါးစ ရှေ့တန်းခုံများဆီ လျှောက်သွားကြသည် ။ ရှေ့တန်းတန်းခုံတွင် ဆရာပါရဂူ ထိုင်နေသည် ။ ဘယ်အချိန်က ရောက်နေမှန်းမသိ။

တစ်စ တစ်စ ခင်မင်ရင်းနှီးသော မျက်နှာများကို တွေ့လာရသည် ။ မမြင်ဖူးသော မျက်နှာများကိုလည်း မြင်ရသည် ။ ကျွန်တော့် ဟဒယစက္ခုကမူ အားလုံးကို တရင်းတနှီး သိကျွမ်းနေသလို ခံစားရသည် ။

ဆရာမြသန်းတင့်က ပြောသည် ။

'ကျွန်တော်က တနင်္လာနေ့တိုင်း မြို့ထဲတွင် နေကျ။ မနေ့က ထွက်မလို့ ဟာ သတင်းစာမှာ ဒီနေ့ ခင်ဗျားဟောပြောပွဲ ရှိတယ်ဆိုတာ ဖတ်လိုက်ရလို့ မနေ့က မထွက်တော့ဘဲ ဒီနေ့မှ ထွက်လာတာ'

ဆရာ့စကားသည် ကျွန်တော့်အတွက် အားဆေးတစ်ခုပင် ဖြစ်ပေသည် ။

ဆရာ ပါရဂူကို ကျွန်တော် သွားနှုတ်ဆက်သည် ။ ဆရာသည် ရှေ့ဆုံးတန်းခုံတွင် ထိုင်နေသူဖြစ်၍ သူ့နောက်ဘက် ထိုင်ခုံများ ၌ ပရိသတ်အခြေအနေ မည်သို့ရှိသည် ကို သိဟန်မတူ။ စိတ်ဝင်စားဟန်လည်း မရှိ

။ ကျွန်တော် ဘာတွေ ဟောပြောမလဲ၊ ဆွေးနွေးမလဲ၊ ဒါကိုသာ စောင့်နေသည့် အသွင်။ သူစိတ်ဝင်စားသင့် စိတ်ဝင်စားအပ်သည့် အရာမှ လွဲ၍ အခြားသော အခြံအရံ ကိစ္စတွေကို ခေါင်းထဲ မထည့်တတ်သည့် ဆရာ့စရိုက်သည် ပိုင်အမ်စီအေ ခန်းမထဲမှာ လည်း အတိုင်းသား ထင်ရှားနေသည် ။

ကျွန်တော့်အဖို့ မူကား ရှေ့ဆုံးတန်းတွင် ဆရာပါရဂူ၊ ဟိုးနောက်ဆုံးတန်းတွင် ဆရာမြသန်းတင့်။ ဆရာနှစ်ယောက်တို့ ကား ရှေ့ထိပ်နှင့် နောက်ထိပ်တို့ မှ နေရာယူပေးထားကြတာကို ကြည့်ရင်း အားတွေ ပြည့်လာသည် ။

စောစောက ထွေပြားတိမ်းမူး စိုးရွံ့မှုများ ပြေပျောက်သွားသည် ။

လက်ဝဲဘက် ရှေ့တန်းများ တွင် သံဃာတော်များ ၊ လူကြီးသူမများ ၊ လက်ယာဘက် ရှေ့တန်းတွင် ဆရာပါရဂူ၊ ဝဲယာ အလယ်ခေါင် ခုံတန်းများ တွင် ကျားမကြီးငယ် အရွယ်ရွယ် အစားစား၊ စာပေမြတ်နိုးသူများ ၊ မိတ်ဆွေများ ၊ စာရေးဆရာ ဆရာမများ ၊ ကဗျာဆရာများ ၊ ကျောင်းဆရာ ဆရာမများ ၊ ကျောင်းသား ကျောင်းသူများ ၊ နောက်ဘက်ခုံတန်းတွင် ဆရာမြသန်းတင့်။

မွန်းတိမ်း ၁ နာရီ ထိုးလုလုတွင် စောစောပိုင်း မိနစ်အနည်းငယ်က ကျိုးကျဲဖြိုးဖြောက် ရှိနေသော ထိုင်ခုံများအားလုံး တမဟုတ်ချင်း ပြည့်သွား၏။ စုရုံးပေါင်းစုံခြင်း အရေအတွက်သဘောသည် တစ်စုံတစ်ခုသော အခြေအနေတွင် ခွန်အားဟူသော အရည်အချင်းအဖြစ်သို့ ကူးပြောင်းသွားလေသည် ။

'ခုံမလောက်ဘူး၊ ထပ်ခင်းရတော့မယ်'

ကဗျာဆရာ အောင်ဝေးသည် မြင်းရိုင်းတစ်ကောင် မြူးထူးစွာ ဟီလို

က်သံဖြင့် ကမန်းကတမ်း လာပြောရင်း နေမျိုးညွန့် (မိုးမိုးအင်းလျား၏ သား)နှင့် အတူ ခုံတွေ ထပ်ခင်းရန် ထွက်သွားသည် ။

‘ပွဲစကြစို့’

ဆရာဖေမြင့်နှင့် ကိုမျိုးညွန့်တို့ က တက်ကြွသောအသံဖြင့် လာနှိုးဆော်သည် ။ သူတို့ မျက်နှာများမှာ စောစောက မျက်လုံးမျိုး မရှိကြတော့ပြီ။

***

ပွဲမစမီ ဤအခင်းအကျင်းကို ကျွန်တော် ပြန်ဖော်ပြနေခြင်း၏ ရည်ရွယ်ချက်မှာ တစ်ခုတည်းသာ ဖြစ်ပါသည် ။

စာပေပရိသတ်၊ အနုပညာပရိသတ်လို့ ပဲ သီးခြားခေါ်ခေါ်၊ ခံစားမွေ့လျော်သူလို့ ပဲ ခြုံ၍ ခေါ်ခေါ်၊ ပြည်သုလူထု အများ စုကြီးဟု ပဲ ယေဘုယျပြုခေါ်ခေါ် ... ကျွန်တော်တို့ ၏ ချစ်ခင်လေးစားအပ်သော ပြည်သူတို့ သည် သိလိုစိတ်၊ ကြားလိုစိတ်၊ ထပ်သိလိုစိတ်၊ ထပ်ကြားလိုစိတ်များ ဖြင့် ပြင်းပြသော ဆန္ဒရှိသူများ ဖြစ်ကြလေသည် ။

ထိုပြင်းပြသော ဆန္ဒတို့ သည် ဝိသေသအားဖြင့် ကွဲပြားကောင်းကွဲပြားမည်။ ရှေးရှုစီးဆင်းရာကား တစ်သဘောတည်းပင် ဖြစ်ပါသည် ။ ထိုအရာမှာ -

စာရေးဆရာများ ၊ အနုပညာသမားများ ၊ ပြောရေးဆိုခွင့်၊ ရေးစီခွင့် ရှိသူများက စာမျက်နှာပေါ်မှ စင်ပေါ်မှ ဘာတွေရေးမလဲ၊ ဘာတွေပြောမလဲ၊ အဲဒီအရေးတွေ၊ အဟောအပြောတွေဟာ အမှန်တရားကို ဘယ်

လောက်ထင်ဟပ်မလဲ၊ စိတ်ဘ၀၊ ရုပ်ဘ၀ လုံခြုံမှု၊ ငြိမ်းချမ်းမှု၊ တိုးတက်သာယာမှုကို ဘယ်လောက်အထိ ကိုယ်စားပြုနိုင်မလဲ။ အနာဂတ်ခြေလှမ်းများ ဘယ်သို့ရှိမလဲ။

ဤဆန္ဒများ ၊ ဤမျှော်လင့်ချက်များ ၊ ဤကိုးစားမှုများ ဖြင့် ပရိသတ်သည် လက်အစုံတို့ ကို ဝှေ့ယမ်းကာ ရင်အစုံတို့ ကို ဖွင့်လှစ်ကာ နား မျက်စိ နှလုံးသားတို့ ကို နှိုးကာ တစ်ခဲနက် စုရုံးရောက်ရှိလာကြခြင်းဖြစ်ပါသည် ။

'တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် ယဉ်ကျေးမှုမျက်နှာစာ'ဟု ခေါင်းစီးတပ်ထားသော ၁၉၉၆၊ ဇန်ဝါရီလ ၁၆၊ ဝိုင်အမ်စီအေခန်းမ ဟောပြောဆွေးနွေးပွဲသည် မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့၏ ပွဲ၊ ချစ်ဦးညို၏ ပွဲ၊ ဆရာပါရဂူနှင့် ဆရာမြသန်းတင့်တို့ ရှေ့ပိတ် နောက်ပိတ် ထိုင်ပေးကြသောပွဲ ... မဟုတ်တော့ပါ။

ပြည်သူလူထု၏ ပွဲဖြစ်ပါသည် ။

ပြည်သူပရိသတ်၏ မျှော်လင့်ချက်၊ အားထားချက်၊ ယုံကြည်ချက်၊ အားပေးချက်တို့ သည် စာရေးဆရာများ အပေါ် တင်ရှိနေသော ကျေးဇူးတရားပင်ဖြစ်သည် ဟု ကျွန်တော် မြင်ပါသည် ။ ထိုကျေးဇူးတရားများကို ကျွန်တော်တို့ မည်သို့ကျေးဇူးတုံ့ ဆပ်ကြမည်နည်း။ မည်မျှအထိ ကျေးဇူးဆပ်ခဲ့သနည်း။ မည်သည့် အချိန် အတိုင်းအတာအထိ ကျေးဇူးဆပ်ဖြစ်ကြသနည်း။

***

ဟောပြော ဆွေးနွေးပွဲအပြီးတွင် (ကို)အောင်ဝေးသည် ကျွန်တော့်အနီး ရောက်လာသည် ။ သူသည် အခမ်းအနားဖြစ်မြောက်ရေးတာဝန်ခံ အဖွဲ့ဝင်တစ်ဦးဘဝမှ ကဗျာဆရာ၊ အယ်ဒီတာဘဝသို့ ချက်ချင်း ကူးပြောင်းသွားကာ ကျွန်တော့်ကို မေးခွန်းတစ်ခု မေးသည် ။

‘ဒီပွဲနှင့် ပတ်သက်ပြီး ဆရာချစ် ဘာပြောစရာ ရှိသလဲ၊ ဒါအင်တာဗျူးပါ၊ လျှပ်တပြက်ဗျူးပေါ့’

သူ့ လျှပ်တပြက်အမေးကို မျက်တောင်တစ်ခတ်ဖြင့် ကျွန်တော်ဖြေခဲ့ပါသည် ။

‘လုပ်သင့်လုပ်ထိုက်တာ တစ်ခုကို လုပ်သင့်တဲ့ အချိန်မှာ လုပ်နိုင်သလောက်လေး လုပ်လိုက်ရတဲ့ အတွက် အားမလို အားမရစွာ ကြည်နူးမိပါတယ်’

ချစ်ဦးညို

၂၊ ၂၊ ၉၆

***

ကြွရောက်လာကြသော သံဃာတော်အရှင်သူမြတ်များ ၊ ဆရာ ဆရာမများ နှင့် ချစ်ခင်လေးစားအပ်သော စာပေမိတ်ဆွေများ ခင်ဗျား။

အခု အချိန်ကာလ ရာသီဟာ အားလုံးသိကြတဲ့ အတိုင်း နတ်တော်လဆန်း ၁ ရက်နေ့ကို ဗဟိုပြုပြီးသော စာပေဟောပြောပွဲတွေ ကျင်းပတဲ့ ရာသီကာလဖြစ်ပါတယ်။ ဒါပေမဲ့ အကြောင်းအခွင့်မသင့်တဲ့ အတွက် ဒီနှစ် ရန်ကုန်တိုင်း ရန်ကုန်ဧရိယာမှာ စာပေဟောပြောပွဲတွေ အထမမြောက်ခဲ့ပါဘူး။ အဲဒီအချိန်မှာ မိုးမိုး (အင်းလျား) အမှတ်တရ အဖွဲ့က နေပြီးတော့ ဒီဟောပြောပွဲလေးတစ်ခု ဖြစ်မြောက်အောင် စီစဉ်ကြိုးစားခဲ့ရာမှာ သက်ဆိုင်ရာများ ရဲ့ ခွင့်ပြုချက် ကူညီအားပေးချက်များကို ရရှိခဲ့ပါတယ်။ ဒီအတွက် ခွင့်ပြုသူ ကူညီအားပေးသူများကို ကျေးဇူးတင်ပါတယ်။

ကျွန်တော်ဟာ စာရေးဆရာတစ်ယောက်အနေနဲ့ စာပေဟောပြောပွဲတွေလိုက်ပါတယ်။ သို့သော် ခါတိုင်းနယ်မြေတွေ၊ ပွဲတွေမှာ ၊ ဟောပြောတဲ့ နေရာမှာ ကျွန်တော်ကလည်း တခြား စာရေးဆရာများ လိုပဲ ဝတ္ထုတွေအကြောင်း၊ ရသလင်္ကာတွေအကြောင်း ဟောခဲ့ပြောခဲ့တာ များ ပါတယ်။အခု ဒီမှာ ကတော့ -

မိုးမိုး (အင်းလျား) အမှတ်တရအဖွဲ့က ကျင်းပတဲ့ ပွဲမှာ မနှစ်က ဆရာဦးအောင်သင်းဟာ ဒီနေရာ ဒီစင်မြင့်ကပဲ ဟောပြောသွားခဲ့ပါတယ်။ ဆရာဦးအောင်သင်းကလည်း ခါတိုင်းသူဟောပြောနေကြမျိုး မဟုတ်ဘဲ ခေါင်းစဉ်သီးသန့်တစ်ခု အမွေဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောသွားခဲ့ပါတယ်။

ဒီနှစ် ဒုတိယအကြိမ်ကျတော့ အမှတ်တရအဖွဲ့က ကျွန်တော့်ကို တာဝန်ပေးလာပါတယ်။ဒီနေရာမှာ ...

ဒီဟောပွဲဆွေးနွေးပွဲဖြစ်လာရပုံအကြောင်းကို ဦးစွာ ပြောချင်ပါတယ်။ မိုးမိုး(အင်းလျား) ကွယ်လွန်တဲ့ စတုတ္ထနှစ်လည်နေ့ဖြစ်တဲ့ ၁၉၉၄၊ မတ်လ ၁၃ရက်နေ့မှာ ရွှေတိဂုံဘုရား အရှေ့မုခ် ကရင်ပရိယတ္တိကျောင်းမှာ အမှတ်တရ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းခဲ့ကြတာ အားလုံးအသိ ဖြစ်ပါတယ်။

ဒီအဖွဲ့မှာ နာယကကြီးများ အဖြစ် ဆရာကြီး မင်းသုဝဏ်တို့ ၊ ဆရာတတ်တိုးတို့ ၊ ဆရာပါရဂူတို့ ၊ ဆရာမြသန်းတင့်တို့ အပါအဝင် ဆရာကြီးလူထုဒေါ်အမာ၊ ဆရာမကြီး ဒေါ်ခင်နှင်းယု၊ ဒေါ်နုယဉ်၊ ဒေါ်ခင်ဆွေဦးအပါအဝင် ၁၀ ဦးပါဝင်တဲ့ နာယကအဖွဲ့ ဖွဲ့ခဲ့ပါတယ်။ နောက်အဖွဲ့ဝင်အဖြစ် ၄၇ ဦး ပါဝင်တဲ့ ပါဝင်တဲ့ အဖွဲ့ကို ဖွဲ့ခဲ့ပါတယ်။ စာပေနယ်၊ စာနယ်ဇင်းလောက ပုဂ္ဂိုလ်များ ပါဝင်ပါတယ်။ အဲဒီအဖွဲ့ထဲမှာ ကျွန်တော်လည်း တစ်ယောက်အပါအဝင်ပါ။

ဒီအဖွဲ့ကနေပြီး မိုးမိုး(အင်းလျား) အမှတ်တရအဖြစ်နဲ့ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် လုပ်ကြမယ်ဆိုတဲ့ အလုပ်တွေ သတ်မှတ်အခါမှာ အခါအားလျော်စွာ ဟောပြောပွဲများ ကျင်းပဖို့ ဆိုတာလည်း ပါဝင်ပါတယ်။

ဒီရည်ရွယ်ချက်နဲ့ ၉၄ခုနှစ်မှာ ဒီ Y.M.C.Aမှာ ပဲ ဆရာဦးအောင်သင်းက အမွေဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြောဆွေးနွေးပွဲ လုပ်ခဲ့တာ အားလုံးအသိ ဖြစ်ပါတယ်။ ဒုတိယအကြိမ်အဖြစ် ၉၅ ခုနှစ်ထဲမှာ ဟောပြောပွဲတစ်ပွဲလုပ်ဖို့ ဆရာဖေမြင့်တို့ ကိုမျိုးညွန့်တို့ စီစဉ်ခဲ့ကြတယ်။ သင်္ဘာရင့် ဝါရင့်ဆရာကြီးများ ထံ ချဉ်းကပ်ပြီး ဟောပြောပေးဖို့ သူတို့ မေတ္တာရပ်ခံခဲ့ကြပါတယ်။ ဒါပေမဲ့ အကြောင်းကြောင်းအရ ဆရာကြီးများ အနေနဲ့ တာဝန်ယူချင်ပေမယ့် အကောင်အထည် မပေါ်ခဲ့ပါဘူး။ ဒီလိုနဲ့ ပဲ ဆရာဖေမြင့်

တို့ က ကျွန်တော့်ကို ကမ်းလှမ်းကြပါတယ်။

ပထမတော့ ကျွန်တော်ငြင်းပါတယ်။ ငြင်းရတဲ့ အကြောင်းက ကျွန်တော့်လို လူငယ်တစ်ယောက်အနေနဲ့ အလှည့်မယူသင့်သေးဘူး။ လူကြီးတွေရှိသေးတယ်။ ဆရာ ဆရာမကြီးများ ထံက မှတ်သားလောက်တဲ့ ဟောပြောမိတ်ဆွေချက်တွေ ကျွန်တော်တို့ နာယူချင်တယ်။ နာသူအဖြစ်ပဲ နေချင်သေးတယ်။

ဒါပေမဲ့ ဆရာကြီးတွေက အကြောင်းမညီညွတ်ကြဘူးလို့ သိရတော့ ကျွန်တော်နည်းနည်း လက်ခံ စဉ်းစားကြည့်ပါတယ်။ ကိုမျိုးညွန့်တို့ ကလည်း တစ်ဖက်မှာ အယ်ဒီတာများ ဆိုတော့ ဟောပြောဖို့ ကိစ္စကို မဂ္ဂဇင်းမှာ စာမူရေးပေးဖို့ တောင်းတဲ့ ပုံစံမျိုးနဲ့ မပြောချင် ပြောချင်အောင် တိုက်တွန်းကြပါတယ်။ နည်းနည်း မြှောက်ပြောတဲ့ အခါလည်း ပြောရဲ့ ၊ ချော့လည်း ပြောရဲ့ ။ ခြောက်တော့မခြောက်ကြပါဘူး။ နောက်ဆုံးတော့ စာပေလောက စာတည်းအဖွဲ့နဲ့ အမှတ်တရအဖွဲ့ရဲ့ တိုက်တွန်းမှုစကားတွေကို ခဏတော့ အသာဖယ်ထားပြီး ကျွန်တော့်ဘာသာ ကျွန်တော် ဆင်ခြင်သုံးသပ်ပါတယ်။

အမှတ်တရအဖွဲ့က စာအုပ်တွေ ထုတ်တယ်၊ ဟောပြောပွဲတွေ ကျင်းပနေတယ်ဆိုတာ ဒီလှုပ်ရှား ရှင်သန်နေခြင်းဟာ မိုးမိုး(အင်းလျား)ရဲ့ စာပေဝိညာဉ်ရှင်သန်နေခြင်းပဲ။ မိုးမိုး(အင်းလျား)ရဲ့ စာပေဝိညာဉ်က ဘာလဲ။ ရိုးသားရဲရင့်မှုကို အခြေခံပြီး ခေတ်ပြိုင်ဘဝတွေကို စာပေနဲ့ ဖော်ထုတ်ပြသတာပဲ။ စေတနာ အထွတ်တပ်ပြီး သူမြင်တဲ့ လူ့လောကကြီးက အမှန်တွေ အမှားတွေကို ခွဲခြားပြခဲ့တယ်။ ဓမ္မ အဓမ္မ၊ ဝိဇ္ဇာ အဝိဇ္ဇာတို့ကို သူမြင်သလို စာဖတ်သူများ လည်း မြင်ကြပါစေဆိုတဲ့ စေတနာနဲ့ မိုးမိုး(အင်းလျား)ဟာ စာတွေ ရေးခဲ့တယ်။ လူသာစုခေါ် နတ်သာစုခေါ် စာ

ရေးဆရာမ တစ်ယောက်ပါ။ ဒီလို ဝိညာဉ်မျိုးတွေ ထာဝရရှင်သန် အသက်ဝင်နေသင့်တယ်၊ လူတစ်ယောက် ကွယ်လွန်သွားခြင်းနဲ့ အတူ ပျောက်ပါမသွားကောင်းဘူး။ ကျန်ရစ်သူများက တနိုင်တပိုင် ဆက်လက် အသက်သွင်းနေရမယ့် အမြဲရှင်သန်နေရမယ့် မိုးမိုး(အင်းလျား)ဟာ ဒီနေ့ အသက်ထင်ရှား ရှိနေသေးရင် သူ့ဆီက ဝတ္ထုကောင်းတွေ ကျွန်တော်တို့ တသွင်သွင် ဖတ်နေရမှာ ပဲ။ ဒီလို တွေးမိပါတယ်။ ဒါမှ မဟုတ်လည်း သူဟာ မဂ္ဂဇင်းတစ်ခုခုမှာ အယ်ဒီတာ လုပ်ရင်းနဲ့ စာရေးဆရာတွေဆီက စာမူတွေ မရရအောင် တောင်ထည့်ပေးနေမှာ ပဲ။ ကျွန်တော့်ကိုလည်း ရှင်လည်း ရေးဦး၊ ဘယ်နေ့အပြီးရေး၊ ဘာညာနဲ့ ပိုင်ပိုင်နိုင်နိုင် စာမူတောင်းမှာ ပဲ။ အကယ်၍ သာ မိုးမိုး(အင်းလျား) အသက်ရှင်နေသေးရင် ဒီလို လုပ်ရင် ကျွန်တော့်စာမူ ပေးရမှာ ပဲ။ အခု သူမရှိတော့ဘူး၊ ဒါပေမယ့် သုဂတိဘုံ တစ်ခုကနေပြီး သူစာမူတောင်းနေတယ်။ ကျွန်တော် ကြားယောင်လာတယ်။ ကျွန်မအတွက် အမှတ်တရအဖွဲ့ဆိုတာလေးကို သက်ဆိုင်သူများက ဖွဲ့ပေးထားတယ်။ အဲဒီအဖွဲ့က ကျင်းပတဲ့ ဟောပြောဆွေးနွေးပွဲမှာ ကိုချစ်ဦးညို ရှင် တာဝန်ယူပါလို့ သူ ကျွန်တော့်ကို တောင်းဆိုနေတယ်။ ကျွန်တော် မငြင်းသာတော့ဘူး။

ကောင်းပြီ။ ကျွန်တော် တာဝန်ယူ ဟောပြောဆွေးနွေးပါ့မယ်။ ဒီအဖြေ ကတိစကားကို မိုးမိုး(အင်းလျား)ထံ ကျွန်တော် ပို့လွှတ်လိုက်တယ်။ ဒီတော့ အင်မတန် လက်တွေ့ကျတဲ့ သူတို့ နှစ်ယောက်က ဒါဖြင့် ဘာခေါင်းစဉ်နဲ့ ဟောမလဲ၊ ခေါင်းစဉ်ပေးတဲ့ ။ ဒီတော့မှ ဟာ ဟုတ်သားပဲ၊ ဒါဟာ ကျွန်တော်တို့ စာရေးဆရာတွေ စာဆိုတော်လရသီမှာ အနယ်နယ် အရပ်ရပ်လှည့်ပြီး ဟောတဲ့ စာပေဟောပြောပွဲမျိုး မဟုတ်ဘူး ။ ကျွန်တော့် ဝတ္ထုတွေအကြောင်း ရသ အလင်္ကာ ဘာညာနဲ့ ပြောရမှာ မျိုး မဟုတ်ပါလားလို့ သတိဝင်လာတယ်။ ဒါဖြင့် ဘာအကြောင်းပြောမလဲ။

ကျွန်တော်က ဇာတ်သဘင်နဲ့ နီးစပ်တော့ သဘင်အကြောင်း ဟောမလား၊ ဟင့်အင်း…အကြောင်းအရာနယ်ပယ်တစ်ခုခုကို ကန့်သတ်ပြီးပြောရင် တိကျမှု ၊ အသေးစိတ်မှု ကောင်းတယ်။ စာတမ်းဖတ်နိုင်မှု ကောင်းမယ်။ ပြီးတော့ ကဗျာဆရာ ဇာတ်မင်းသားလေး မောင်သိန်းဇော်က ကျွန်တော်တို့ ကို တစ်ခါပြောဖူးတယ်။ ဇာတ်သဘင်အကြောင်းကို ကိုယ့်စရိတ်နဲ့ ကိုယ် သရုပ်ပြ ဟောပြောပွဲ လုပ်ကြရအောင်တဲ့ ။ အဲဒီကျရင် အစ်ကိုက ဟောတဲ့ ဘက်က တာဝန်ယူပေးပါတဲ့ ။ ကျွန်တော်ခေါင်းညိတ်ခဲ့တယ်။ သူ မလုပ်နိုင်သေးဘူး။ ဒါပေမဲ့ ဒီကိစ္စက သူ့ကို ကျွန်တော်ကတိပေးခဲ့ပြီးပြီ။ သဘင်ဆိုတဲ့ အကြောင်းကို သူနဲ့ တွဲပြီး သရုပ်ပြဟောပြောမှ ပိုကောင်းမယ်။ ဒါကြောင့် ဒီဇာတ်သဘင်ကိစ္စကို ကျွန်တော်အသာသိမ်းထား လိုက်ပါတယ်။

ဒါဖြင့်ရင် ဂီတကော။ ဒါလည်း မဖြစ်သေးဘူး။ ကျွန်တော့်ထက် ဂီတမှာ လက်တွေ့ရော၊ သဘောတ ရားရော၊ အတွေ့အကြုံရော ကြီးမားတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ မိုးမိုး (အင်းလျား) အမှတ်တရအဖွဲ့ရဲ့ အစီအစဉ်ထဲမှာ ကျွန်တော်တို့ မိတ်ဆွေကြီး စန္ဒရား တင်ဝင်းလှိုင်လည်း ပါဝင်လုပ်ရှားပါလိမ့်မယ်။ သူကတော့ တစ်ခါတည်းကို Demonstrate လုပ်ရင်း ဟောမယ်ထင်ပါတယ်။ ခုလောလောဆယ် သူ့ခေါင်းစဉ်က ကျွန်တော်ကြားရသလောက် ကြောက်စရာလည်းကောင်းတယ်၊ သနားစရာလည်းကောင်းတယ်။ မြန်မာကာလပေါ် ဂီတက ကျဆုံးခန်းတဲ့ ။ ကျွန်တော့်နားထဲတော့ ကိုတင်ဝင်းလှိုင်ရဲ့ စန္ဒရားခလုတ်တွေဆီက ဘီဖလက်၊ ဆစ်ကြီးသံ၊ အမှ ိုင်သံနဲ့ ခြောက်ပေါက် ဗိန်းမောင်းသံတွေကို ကြုံပြီး ကြားယောင်နေတယ်။

ဒါနဲ့ ပဲ ကျွန်တော် စဉ်းစားတယ်။ ဘာခေါင်းစဉ်ပေးမလဲ၊ ဘာပြောမလဲ၊ ဘာဟောမလဲ။ သဘင်၊ ဂီတ၊ ရုပ်သေး ဘာညာပေ့ါဗျာ။ စဉ်းစားရင်း

နဲ့ ဟာ တစ်ခုချင်း နယ်ပယ်ကန့်သတ်ပြောရရင် စာတမ်းတင်မှ ဖြစ်မယ် ။ စာတမ်းပြုစုနိုင်လောက်အောင် ကျွန်တော့်မှာ အချိန်မရဘူး။ တစ်ဖက်က ဝတ္ထုတွေ ဆောင်းပါးတွေ ရေးနေရသေးတယ်။ ပြီးတော့ ကိုယ်က အကဲဒမစ်သမား မဟုတ်ပါဘူး။ ပညာရှင် မဟုတ်ဘူး ။

နောက်ဆုံးတော့ ကိုင်းကွာ၊ ခြုံငုံသုံးသပ်လို့ လည်း ရအောင် ယေဘုယျသဘောလည်း ပါအောင် ယဉ်ကျေးမှုဆိုတဲ့ တစ်ခုလုံးကို ကိုင်လိုက်တော့မယ်။ Culture & Civilization ပေါ့။ အဲဒီယဉ်ကျေးမှုကို မေးခွန်းပြဿနာတစ်ရပ်နဲ့ တွဲစပ်လိုက်တယ်။ မျက်မှောက်အခြေအနေနဲ့ လည်း ထင်ဟပ်စေရမယ်။ ပရိသတ်အများ စု စိတ်ဝင်စားတာမျိုးလည်း ဖြစ်ရမယ်။ ဒါနဲ့ ပဲ။

**"တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနဲ့ ယဉ်ကျေးမှု မျက်နှာစာ"** လို့ ခေါင်းစဉ်ပေးလိုက်တယ်။ သဘင် ဂီတ ဘာညာနဲ့ နယ်ပယ်ကန့်သတ်ရင် ပညာရှင်ဆန်တယ်၊ စာတမ်းပြုစုမှ ဖြစ်မယ်ဆိုပြီး ခြုံငုံတဲ့ အနေနဲ့ ယေဘုယျသဘောနဲ့ ယဉ်ကျေးမှုကို လုပ်လိုက်ကာမှ ကျွန်တော့်မှာ ကိုယ့်အထုပ်နဲ့ ကိုယ်ပိနေတော့တယ်။ Culture & Civilization ဆိုတော့ အများကြီး ကျယ်ပြန့်သွားပြီ။ သို့သော် ထွက်ပြီးဆင်စွယ် ပြန်ဝင်တယ် မရှိကွ။ မင်းမှာ သစ္စာ လူမှာ ကတိကွ ဘာညာနဲ့ ကိုယ့်ကိုယ်ကိုယ် ဇွတ်အားပေး နှစ်သိမ့်ပြီး လုပ်ရပါတော့တယ်။ ကျွန်တော်တို့ ဒီပွဲကို ၉၅ ဒီဇင်ဘာထဲမှာ ။ ဖြစ်နိုင်ရင် စာဆိုတော်ရာသီ နတ်တော်လဆန်း ၁ ရက်နေ့ဝန်းကျင်တစ်ဝိုက်လောက်မှာ လုပ်ဖို့ ကြိုးစားခဲ့ကြပါတယ်။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် ၉၆ ခုနှစ်ကျမှ ပဲ လုပ်ဖြစ်ပါတယ်။ အခက်အခဲလေးတွေ ကျော်ဖြတ်ခဲ့ရတယ်။ ဒါကြောင့် စေတနာကောင်း စေတနာမှန်နဲ့ လုပ်ခဲ့တဲ့ ကိစ္စမို့လို့ ကူညီအားပေး ခွင့်ပြုမှုတွေ ရ လာပြီး အခုကျင်းပနိုင်ခြင်းပါပဲ။ ဒါအတွက်လည်း ကြိုးပမ်းသူ၊ စီစဉ်သူ၊ ခွင့်ပြုသူ၊

တက်ရောက်သူများအားလုံးကို အမှတ်တရအဖွဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။

***